ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (2-4-2008) (၅၆၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေး၊ သဘောတူညီချက်များလက်မှတ်ရေးထိုးပွဲနှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲများသို့ တက်ရောက်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၁ ရက် နံနက် ၉ နာရီ ၂၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel Convention Hall Zone A ၌ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးကိုယ်စားလှယ်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သံတမန်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား အခမ်းအနားမှူးက တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးတွင် ယှဉ်ပြိုင်မှုစွမ်းအား တိုးမြှင့်ရေးတွင် ရေရှည်တည်တံ့မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

(၂-၄-၂၀၀၈)
ဗုဒ္ဓဟူးနေ့

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ်လ ၃၀ရက်မှ ၃၁ရက်အထိ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ တက်ရောက်လာသူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးရာတွင် **"မဲခေါင်ဒေသခွဲတွင်း ပေါင်းစည်းမှု ဖွံ့ဖြိုးလာသည်နှင့်အတူ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများပိုမို တိုးမြှင့်လာသကဲ့သို့ စိန်ခေါ်မှုများမှာလည်း ပိုမိုများပြားလာကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ဒေသတွင်းနိုင်ငံများအတွင်း အပြန်အလှန်အကျိုးကျေးဇူးများ ဖြစ်ပေါ်လာစေရန်မှာ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်နိုင်မည်ဟု အလေးအနက် ယုံကြည်ကြောင်း"** ပြောကြားခဲ့သည်။

မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲကို ၁၉၉၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်ခြောက်နိုင်ငံတို့မှ အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်ပုဂ္ဂိုလ်များက ဒေသတွင်း အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ သတင်းအချက်အလက် ဖလှယ်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ရာ အပြန်အလှန် အကျိုးသက်ရောက်မှုများ ရရှိခဲ့သည်။

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများပူးပေါင်းဆောင်ရွက်မှုဖြင့် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် တိုးတက်မှုများ ရရှိခဲ့သည်။

ယခုနှစ် ကျင်းပသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးကို အဓိက ရည်ရွယ်ဆွေးနွေးကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချုပ်များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအကြား သယ်ယူပို့ဆောင်ရေး စင်္ကြံလမ်းကြောင်းသုံးခုကို ဖော်ဆောင်လျက်ရှိရာ ပြီးစီးလုနီးပါးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ သယ်ယူပို့ဆောင်ရေးစင်္ကြံများအား စီးပွားရေးစင်္ကြံအဖြစ် ပြောင်းလဲဖြစ်ပေါ်စေရေး ပူးပေါင်းဖော်ဆောင်မှုများ မြှင့်တင်ဆောင်ရွက်လာနိုင်သည်နှင့်အမျှ မဟာမဲခေါင် မြစ်ဝှမ်းဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် မြင့်မားလာမည် ဖြစ်ပါသည်။ ။



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်း တန်းတော်ကြီး တည်ဆောက်ရန်အတွက် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်ရေကန်လမ်းနေ အဘိဓမ္မာတောင်သာသမားတော်ကြီး သုခမိန်ဆရာကြည် ဇနီးသမားတော်ဒေါ်မြတ်သန်းတင်၊ သမီးမဆင့်ဆင့်စံ မိသားစုက ငွေကျပ်၁၀၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။ (ကြေးမုံ)

အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဉာဏ်သစ်လောင်း သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များလိုက်ပါလျက် မတ် ၂၉ ရက်တွင် တောင်ငူတက္ကသိုလ်သို့ရောက်ရှိပြီး အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဉာဏ်သစ်လောင်းသင်တန်းသို့ တက်ရောက်နေသည့် အခြေခံပညာအထက်တန်းပြများ၏ ဘာသာရပ်အလိုက် သင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ကျင်းပရာ ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

အစီအစဉ်အရ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာရပ်အတွက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းက လည်းကောင်း၊ သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်များအတွက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းကလည်းကောင်း၊ ဇီဝဗေဒ၊ သမိုင်းနှင့် ပထဝီဝင်ဘာသာရပ်များအတွက် တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဝင်းတင်က လည်းကောင်း ပေးအပ်ကြရာ ဘာသာရပ်အလိုက် သင်တန်းသားဆရာ၊ ဆရာမကိုယ်စားလှယ်များက လက်ခံကြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် တောင်ငူပညာရေးကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါ်နုနုရီက သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နိဗ္ဗာန်လမ်းနေ ဦးသန်းမောင်-ဒေါ်သန်းသန်းနွယ် မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့်အဖွဲ့ဝင် ဦးအေးဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

ရွှေမြန်မာ မဟာစည် သကြၤန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ၂ရပ်ကွက် ဘုန်းကြီးလမ်း ရွှေမြန်မာ မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်၌ တတိယအကြိမ်မြောက်၊ သင်္ကြန်တရား စခန်းပွဲကို ဧပြီ ၁၃ ရက်မှ ၁၉ ရက်အထိ တရားအဓိဋ္ဌာန်ဝင်လိုသူများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူများ ဖုန်း-၃၈၈၅၇၅၊ ၃၈၁၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကပ)

April 2008 ပန်းချီပြပွဲ

ရန်ကုန် ဧပြီ ၁

April 2008 ပန်းချီပြပွဲဟု အမည်ပေးထားသည့် ပန်းချီပြပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်း သမ္မတဟိုတယ် ပထမထပ် ပန်းချီပြခန်း၌ ဧပြီ ၅ ရက်နှင့် ၆ရက်များတို့တွင် ခင်းကျင်းပြသမည် ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သော တင်မောင်ဦး၊ အောင်မြင့်ဦးနှင့် အမ်တီအောင်တို့က ပန်းချီကားပေါင်း ၂၁ချပ်ကို ခင်းကျင်းပြသကြမည်ဖြစ်သည်။ ပန်းချီကားများတွင် ရှုခင်း၊ ပုဂံခေတ်၊ အင်းဝခေတ် ရုပ်တုပန်းချီများ၊ မြစ်ဝကျွန်းပေါ်နှင့် အညာဒေသ၏ ရောဝတီနံနက်ခင်းအလှ၊ ပုဂံအိပ်မက် (၁) မှ (၆)အထိ ပုဂံစေတီပုထိုးရုပ်တု များ သရုပ်မှန်ပန်းချီကားနှင့် ခေတ်ပြိုင်ပန်းချီကားများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲကို WHK မှ ဦးဝင်းထင်ကျော်က ပံ့ပိုးကူညီ ခင်းကျင်း ပြသခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပုပ္ပားကျောင်း ဒုလ္လဘရဟန်းခံပွဲနှင့် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၁

ရန်ကုန် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်း နာယက (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စကြီးမှူး၍ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲကို ၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ ၁၄ရက်၊ (ဧပြီ၁၁ ရက်မှ ၁၉ရက်အထိ) ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင် ယောဂီများ ဧပြီ ၁၂ရက် မွန်းတည့်၁၂ နာရီ အရောက်လာကြရန်နှင့် ဒုလ္လဘရဟန်း ၁၀၈ ပါးအား တစ်ပါးလျှင် ကျပ် ၅၀၀၀၊ အရုဏ်ဆွမ်း တစ်ရက်လျှင် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းတစ်ရက် ကျပ် ၃၀၀၀၀၊ အချိုပွဲတစ်ရက် ကျပ်၂၀၀၀၀ဖြင့် ပုပ္ပားကျောင်း ဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၀၀၀၂၈နှင့် ၆၀၀၂၁၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်မြို့နယ်၊ရန်ကုန်-အင်းစိန်လမ်းနေ (ဦးထွဋ်လတ်)-သုဓမ္မသီဂိဒေါ်မြရွှေမိသားစု (MORE) သောက်ရေသန့်နှင့် ရေသန့်ရေခဲစက်ရုံက ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း၃၀တန် ရေသန့်စက်နှင့် စတီးရေစည်နှစ်လုံးကို မတ် ၂၈ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင်က ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၃)

ဖခင်ကြီး ဦးအေးကျော်အားရည်စူး၍ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုစိတ္တလမ်းနေ ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီးမြေးမြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်းနှင့် ဒုတိယဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေးတို့ လက်ခံယူစဉ်။ (က-ပ)

သာသနာတော်အလင်းတန်းကြီးအား ပီတိအဟုန်ဖြင့် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးဦးခိုက်ပူဇော်

ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စီစဉ်ကျင်းပသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ခံ ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။

တက္ကသိုလ် လှမောင်

ကျွန်တော်သည် ရေတာရှည်မြို့နယ်အသင်း (ရန်ကုန်)မှ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စီစဉ်ကျင်းပသော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့ခံ ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသဒ္ဓါပွားခဲ့ရပါသည်။

နိုင်ငံတော်အစိုးရသည် နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့တွင် ဘွဲ့တံဆိပ်တော်ရရှိသော စာရင်းကို ထုတ်ပြန်လေ့ရှိပါသည်။ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော် အဆင့်ဆင့် ရရှိတော်မူကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များစာရင်းကိုလည်း ထုတ်ပြန်ကြေညာလေ့ရှိပါသည်။ သာသနာဆိုင်ရာဘွဲ့များတွင် အမြင့်ဆုံးမှာ အဘိဓဇဘွဲ့တော်များ ဖြစ်ပါသည်။

နံနက် ၉ နာရီ။ တပေါင်းနွေလရာသီပင်ဖြစ်သော်လည်း နှင်းဆီကုန်းဘိုးဘွားရိပ်သာပေါ်တွင်မူ အေးချမ်းဆိတ်ငြိမ်နေလေသည်။ ဘွဲ့ခံ ဆရာတော်၏ မေတ္တာဓာတ်လျှံ တရားသံတို့သာ အေးငြိမ်းစွာ လွင့်ပျံ့နေသည်။

"ဒကာတို့ ကြိုးကြိုက်ဆိုတဲ့ စကားလုံးလေးက သာသနာအတွက် အဓိပ္ပာယ် လေးနက်လှပါတယ်။ သာသနာနှင့် ကြုံတုန်းကြိုက်လိုက်ကြပါ။ ကောင်းမှုကုသိုလ်တွေ လုပ်ခွင့်ရတုန်း ကောင်းခြင်းတရားတွေနဲ့ ကြုံတုန်း ကြိုက်လိုက်ကြပါ။ ဒါနနဲ့ ကြုံဒါနကို ကြိုက် ကုသိုလ်နဲ့ ကြုံတုန်း ကုသိုလ်ကို ကြိုက်လိုက်ရင် တန်ဖိုးကြီးမားလှပါတယ်။"

မှန်လှပါသည်၊ ကြုံပေမယ့် မကြိုက်တတ်သူတို့ ဒုက္ခသံသရာထဲ မြုပ်နေကြဆဲ၊ မျောနေကြဆဲပါ။

ဒေဝဒတ်သည် မြတ်စွာဘုရားနှင့် ကြုံပင်ကြုံသော်လည်း မကြိုက်တတ်ခဲ့တော့ အဝီစိငရဲမှာ ကျခံနေရဆဲပါ။

ခွင့်ကြုံတုန်းမှ မရှန်းချင်လျှင် အရှုံးနှင့်ပြင် ရှိလိမ့်မလဲ၊ ခွင့်ကြုံခိုက်မှ မကြိုက်ချင်လျှင် ငမိုက်နှင့်ပြင် ဘယ်ရှိလိမ့်မလဲ ဆိုသည့် ဆရာတော်ကြီးတစ်ပါး၏ ဆုံးမစကားကို ကြားယောင်နေမိသည်။

ကြုံတဲ့အခါ ကြိုက်တတ်သွားသူတို့ အဖို့ ဝဋ်ဒုက္ခသံသရာများမှ ကျွတ်လွတ်သွားကြပေပြီ။ ဘုရားတစ်ဆူ တစ်ဆူနှင့် ကြုံတိုင်း လူနတ်ဗြဟ္မာတို့ ၂၄ သင်္ချေ ကုဋေ ၆၀ နှင့် ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်ခဲ့ကြပါသည်။ (သောတတ္ထကိကျမ်းနှင့် တထာဂတုပ္ပတ္တိကျမ်း)။

သာသနာပြုဘွဲ့ တံဆိပ်တော်မှာလည်း ရခဲလှပါသည်။ ထိုအထဲတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့နှင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့များမှာ အမြင့်ဆုံးဘွဲ့များ ဖြစ်နေသဖြင့် ရရှိရန် ပိုမိုခက်ခဲလှပါသည်။ ငါးကြီးကွေ့ ဆရာတော်ကြီးသည် ထိုရရန်ခက်ခဲသော ဘွဲ့တော်ကြီးကို ရရှိတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်သည် ဆရာတော်ကြီးအား ဖူးမြော်ပူဇော်ခွင့်ရသည်ကို များစွာကြည်နူးခဲ့ရပါ၏။

ဆရာတော်သည် ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီး ကွေ့ရွာမှာပင် မွေးဖွားကြီးပြင်း။ ထိုရွာမှာပင် ငယ်စဉ်ကတည်းက ယနေ့တိုင်အောင် နေထိုင်သီတင်းသုံးလျက်ရှိသည်။ ဒီရွာမှာမွေး ဒီရွာမှာကြီးပြင်းပြီး ဒီရွာကိုပင် ဗဟိုထား၍ သာသနာပြုလုပ်ငန်းများ ကြီးပမ်းသွားပုံများမှာ အံ့မခန်းကြည်ညိုဖွယ်ရာပင်ဖြစ်ပါသည်။

နိုင်ငံတော်က ဆရာတော်ကြီးအား အမြင့်ဆုံးသာသနာပြု ဘွဲ့တော်ကြီးဖြစ်သည့် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တော်ကြီးကို ဆက်ကပ်တော်မူခဲ့လေပြီ၊ ကိုယ့်ဒေသ ကိုယ့်နိုင်ငံ ကိုယ့်ဘာသာ၊ သာသနာအတွက် စိတ်ရှည် သည်းခံ ဇွဲမျိုးသန်သည့် အာဇာနည်ပုဂ္ဂိုလ်များ ပေါ်လာနိုင်ပါစေ ဟူ၍ ဆုတောင်းနေမိပါသည်။

လောကတွင် အာဇာနည်ပုဂ္ဂိုလ်တို့ ပေါ်ထွန်းရန် ခက်ခဲလှပါ၏။ ထိုပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကျိုး ဘေးဖယ်ထားပြီး အများအကျိုးအတွက် ဘဝကို အနစ်နာခံ၊ မြှုပ်နှံ၍ တစိုက်မတ်မတ် ဆောင်ရွက်နေတတ်သူများပင် ဖြစ်ပါသည်။ ထိုအာဇာနည်ပုဂ္ဂိုလ်တို့သည် လောက ငြိမ်းချမ်းရေးနှင့် သတ္တဝါများ ဘေးဒုက္ခသံသရာမှ လွတ်မြောက်ရေး အတွက် ကြီးမားလှသော မေတ္တာ ကရုဏာဖြင့် ဆောင်ရွက်နေကြသည်။ ထိုပုဂ္ဂိုလ်တို့၏ မေတ္တာရိပ်ကလည်း အေးချမ်းလှပါ၏။ နှင်းဆီကုန်း ဘိုးဘွား ရိပ်သာကြီးဆိုသည်ကလည်း မြင့်မြတ်သောပုဂ္ဂိုလ်တို့၏ တရားသံများလွှမ်းရာ၊ အေးချမ်းရာနေရာ၊ မြင့်မြတ်သူတို့၏ မေတ္တာဓာတ်မြူးကူးစက်ပျံ့နှံ့ရာနေရာတစ်ခုပင် ဖြစ်နေပါသည်။

ကျွန်တော်တို့ ကန်တော့ပြီးသောအခါ ဆရာတော်အား ဘိုးဘွားရိပ်သာ ဓမ္မာရုံပေါ်သို့ ပင့်ဆောင်သွားပြီး ဘိုးဘွားများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပါသည်။ ဘိုးဘွားတို့၏ ကန်တော့ မေတ္တာပို့သံများက အာကာနဘံ မိုးထက်ယံသို့ လွင့်ပျံ့တက်သွားလေတော့သည်။ ကျွန်တော့်မျက်ဝန်းတခိုမှာ မျက်ရည်တို့ပင် စွတ်စိုလာခဲ့မိတော့သည်။ တကယ့် သာသနာ့အလင်းတန်း စွမ်းအားများပါတကား။

ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာ သာသနာယဉ်ကျေးမှုကို တန်ဖိုးထားလေးစားတတ်ဖို့ အရေးကြီးလှသည်။ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ ဤသည်ကိုပင် ခေါ်ပါ၏။ ဆရာကြီး ဦးရွှေအောင်၏ စာတစ်ပိုဒ်ကို အမှတ်ရလိုက်မိ၏။

'သေယျော သဒ္ဓမ္မော ဝိဂုဏော **ပရဓမ္မာ သုနုဋ္ဌိတာ' "သဒ္ဓမ္မော မိမိ၏ အမျိုး၊ မိမိ၏ရပ်ရွာ၊ မိမိ၏နိုင်ငံ၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုသည် ဝိဂုဏော ဂုဏ်မဲ့နေသည်ဟု ထင်ရစေကာမူ သုနုဋ္ဌိတာ အဆများစွာ ပို၍တိုးတက်နေသည်ဟုထင်ရသော၊ပရဓမ္မာသူတစ်ပါး အမျိုး၊ သူတစ်ပါးရပ်ရွာ၊ သူတစ်ပါး နိုင်ငံ၊ သူတစ်ပါးတို့၏ ယဉ်ကျေးမှုထက် သေယျောမြတ်ပါ၏"** တဲ့။

ဤဒေသ၊ ဤနိုင်ငံ၊ ဤမိဘ အမျိုးအနွယ်၌ လူလာဖြစ်ရခြင်းသည် ဤဒေသ၊ ဤနိုင်ငံ၊ ဤအမျိုးအနွယ်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရန် ကံတရားက တာဝန်ပေးလိုက်ခြင်းဖြစ်၏။ အကယ်၍ မိမိ အကျိုးစီးပွားကိုသာ ရှေးရှု၍ ဤဒေသထက် သာယာကောင်းမွန်သော အခြားဒေသသို့ သွားနေမည်ဆိုလျှင် မိမိသည် မိမိ၏ ဘဝပေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သူ မဖြစ်နိုင်၊ မိမိဒေသကို အထင်သေးပြီး သူတစ်ပါး၏ ဒေသကို အထင်ကြီးသူသာ ဖြစ်ချေသည်။ ထို့အပြင် လူဖြစ်လာမှုအတွက် မိမိအပေါ် များစွာအကျိုးပြုခဲ့သော ဤဒေသ၊ ဤနိုင်ငံ၊ ဤမိဘတို့အပေါ် ကျေးဇူးကန်းရာသာ ရောက်ချေမည်တဲ့။

ကျွန်တော်တို့သည် မိမိတို့၏ အမျိုးကိုချစ်ကြ၏။ ကမ္ဘာပေါ်ရှိ အခြားလူမျိုးများကိုလည်း ဗြဟ္မစိုရ် မျက်စိဖြင့်ကြည့်၍ ချစ်သည်ပင်ဖြစ်ပါ၏။ သို့ရာတွင် ကတညုတမျက်စိဖြင့် ကြည့်သောအခါ ပဋ္ဌာန်းပါဠိတော် ဥပနိဿယပစ္စည်းအရ ကျွန်တော်တို့အပေါ်၌ ကျွန်တော်တို့ လူမျိုးကပို၍ ကျေးဇူးကြီး၏။ ထို့ကြောင့် အခြားလူမျိုးများအပေါ်ထက် ကျွန်တော်တို့ လူမျိုးများအပေါ် ကျွန်တော်တို့က ပို၍ ကျေးဇူးဆပ်ရ၏။

ကြီးမြတ်သော ပူဇော်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြင့် ပူဇော်ကျေးဇူးဆပ်အပ်သည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးသာလျှင် ဖြစ်ပါ၏။ မှန်ကန်သော မျိုးချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်တို့တွင် အခြားသူများကို နယ်ချဲ့ခြင်း၊ ကျူးကျော်ခြင်း မပါဝင်ပါပေ။ ကျူးကျော်နယ်ချဲ့ပါလျှင်လည်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်ဟူ၍ အမည်တပ်၍ မရ၊ ဝိသမလောဘသမားတို့၏ ကိစ္စရပ်သာလျှင် ဖြစ်ပါလိမ့်မည်။

ဒီတော့ ကျွန်တော်တို့၏ အမျိုး ဘာသာ သာသနာ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ မပျောက်ပျက်ရေး၊ ထွန်းကားရေးအတွက်လည်း ကျွန်တော်တို့အပေါ်မှာသာလျှင် တာဝန်ကျရောက်လျက်ရှိနေပေသည်။

"ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကောင်းစွာကြိုတင်၊ မပြုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့် ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်၊ ထွင့်ဘုန်းသာသနာ၊ မှိန်သောခါဝယ်၊ ထွေရာကောင်းနိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတည့်၊ ဖြစ်ပြန်ခဲ့မူ၊ တကယ့်တိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းသီးပြည်ငယ်၊ မျက်နှာငယ်လိမ့်၊ သို့နှယ်ကြောင်းရာ၊စုပေါင်းကာဖြင့်၊ကောင်းစွာမျှော်ညို့၊ ဆင်ခြင်မိ၍၊ တို့၏ အမွေ၊ တို့နယ်မြေနှင့်၊ တို့မေဘာသာ၊ သာသနာကို၊ တို့သာ ကြံ့ကြံ့၊ စောင့်ရှောက်အံ့" (အရှင်ဇနကာဘိဝံသ)။

နိုင်ငံတော်အစိုးရသည် နှစ်စဉ် လွတ်လပ်ရေးနေ့၌ သာသနာ့အာဇာနည်ဘွဲ့ ရရှိသည့် ပုဂ္ဂိုလ်များစာရင်းကို ကြည်ညိုသဒ္ဓါပွားနိုင်စေရန် သာသနာ့နုဂ္ဂဟ သာသနာကို ချီးမြှင့်ခြင်းဖြင့် ချီးမြှင့် ထုတ်ပြန်ကြေညာပေးလေ့ရှိ၏။ တကယ်တော့ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လွတ်လပ်ရေးနေ့မှာ ထုတ်ပြန်ပေးနေသည်ကပင် အဓိပ္ပာယ်အနှစ်သာရ အပြည့်အဝရှိလေသည်။ ကျွန်တော်တို့သည် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးပါတည့်။ တကယ့်တိုင်းကြီး၊ ပြည်အနီး၌ တိုင်းသီးပြည်ငယ် မျက်နှာမငယ်စေရအောင် ကျွန်တော်တို့ ကြိုးစားခွင့်တွေနှင့် ကြုံကြိုက်နေကြပါပြီ။ ဆရာတော် မိန့်ကြားသလို ကျွန်တော်တို့ ကြုံတုန်းကြိုက်လိုက်ကြဖို့ အရေးကြီးလှသည်။ တစ်ပါးသူ၏ ကျေးကျွန်ဘဝ ရောက်သွားပါက ကျွန်တော်တို့ ဘယ်လိုမှ မကြုံနိုင်၊ မကြိုက်နိုင်တော့ပါ။ သာသနာပအချိန် အဓမ္မတို့စိုးမိုးရာ နယ်မြေမျိုးဖြစ်နေလျှင် ကျွန်တော်တို့ ကြိုးစားခွင့်တွေ ဘယ်လိုရနိုင်တော့မည်နည်း။ သုညကမ္ဘာ၏ အမှောင်ကာလ အမှောင်ညများကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြဖူးပြီ၊ သာသနာတွင်းကာလ ကြုံကြိုက်တုန်းမှာ အလင်းတန်းတွေ ဖြာနေအောင်ကြိုးစားရမည်။

နိုင်ငံတော်မှ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လိုက်ခြင်းသည် သာသနာအတွက် အလင်းတစ်ကွက်ပါတည့်။ သာသနာပြုခြင်းလုပ်ငန်းဟူသည် ထိုအလင်းကွက်တွေ ဆက်၍ဆက်၍ ပေါ်ထွက်နေခြင်းသာ ဖြစ်ပါသည်။ သာသနာရောင်ဝါ ပြုမှသာလျှင်သာပါလိမ့်မည်။ သာသနာပြုသည့်အာဇာနည်ပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွန်းနေလေ သာသနာအတွက် အားတက်ဖွယ်ရာ အလင်းကွက်တွေ ပြည့်နှက်နေလေ ဖြစ်ပါလိမ့်မည်။

မြတ်စွာဘုရားရှင်သည် အဝိဇ္ဇာဟူသည့် အမှောင်အမိုက်တိုက်ထဲမှ သတ္တဝါများကို ဆွဲထုတ်ကယ်တင်နိုင်ရန် နည်းလမ်းကျင့်စဉ်များ ထားပစ်ခဲ့ပါ၏။ ထိုနည်းလမ်း နိဿယတို့ကို ရဟန်းသံဃာတော်များက စောင့်ရှောက် သယ်ဆောင်လာခဲ့ကြပါ၏။

'ကိုယ့်တွက်များမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ မအားမထုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ရှေးခါဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ဖိုး၊ ထပ်မညှိုးဖို့၊ အားကြိုးမာန်တက်၊ ငါဆောင်ရွက်သည်၊ ဆက်လက်သာသနာ တည်စေသော်' (အရှင်ဇနကာဘိဝံသ)။

အစဉ်အဆက်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများသည် အစဉ်အဆက် ပေါ်ထွန်းခဲ့ကြပါ၏။ ပေါ်ထွန်းဆဲလည်း ဖြစ်ပါ၏။ နိုင်ငံတော် အစိုးရမှလည်း ချီးမြှင့်မြဲ၊ ကျွန်တော်တို့ကလည်း ကြည်ညိုသဒ္ဓါ ထုံးစဉ်လာဖြင့် ပူဇော်ကြည်ညို၍ မရောင့်ရဲအောင် ဖြစ်နေရပါ၏။

ကျွန်တော်သည် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အလှူခန်းမတွင်းမှနေ၍ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့ခံ ငါးကြီးကွေ့ ဆရာတော်ကြီးအား မရောင့်ရဲနိုင်သော သဒ္ဓါတရားဖြင့် ကြည်ညိုပူဇော်နေရင်း ရောင်ဝါပြိုးပြက် တလက်လက်မြူးလင်းယှက်လာဦးတော့မည့် သာသနာတော် အလင်းတန်းကြီးအား မျှော်မှန်းတမ်းတ လျှမ်းပြည့်ဝသည့် ပီတိအဟုန်ဖြင့် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးဦးခိုက်နေမိပါတော့သည်။ ။

ဆရာစံ သီတဂူမွေ့သဘင် (အထူးတရားပွဲ)

ရန်ကုန် မေ ၁

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ (သပိတ်အိုင် တောရ သဲကုန်းဆရာတော်) သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt, Ph.D) သည် ၁၃၇၀ ခုနှစ် တန်ခူးလဆန်း ၁ ရက် (မေ ၆ ရက်) (တနင်္ဂနွေနေ့) ညဂ နာရီတွင် ကျိုက္ကဆံအားကစားကွင်း ဂိတ်အမှတ်(၉) အနောက်မြင်းပြိုင်ကွင်းလမ်း၌ ဆရာစံ သီတဂူမွေ့သဘင် (အထူးတရားပွဲ)၊ သီတဂူအာယုဒါနဆေးရုံတော် ဆေးနှင့်ဆေးပစ္စည်းအလှူ အထူးမွေ့သဘင် အခမ်းအနားကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုသူများသည် သီတဂူ အထောက်အကူပြုအဖွဲ့ (ဆရာစံ) နိဗ္ဗာန်ဆော် (ဝါတွင်း၊ ဝါပ) ဆွမ်းလောင်းအသင်း၊ ဆက်သွယ်ရန် ဦးဝင်းထွန်း ဖုန်း-၅၄၀၂၂၆၊ ဦးဇင်မောင်သိန်း ဖုန်း-၀၉၅၁၃၀၆၉၃၊ ကိုတင်ထွန်း ဖုန်း-၅၅၄၁၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရန်အောင်မြင်စေတီတော်ကြီး ရွှေထီး၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲ

ရန်ကုန် မေ ၁

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် စစ်သူကြီးမဟာဗန္ဓုလ၏ ဇာတိမြေ ငပယင်းစုံပြကျေးရွာ ရွှေကျောင်းတိုက်အတွင်း၌ မြန်မာမင်းလက်ထက် ဆင်ဝန်ဦးဇော တည်ထားပူဇော်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီတော်ကြီးကို ရှေးမူမပျက် ပြန်လည်ပြုပြင်၍ ၁၃၇၀ ခုနှစ် နှောင်းတန်ခူးလဆန်း ၄ ရက် (မေ ၈ ရက်) တွင် ရွှေထီး၊ စိန်ဖူးတော်တင်လှူပွဲနှင့် အနေကဇာတင်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၆၃)

ချက်တွင် အမေရိကန် ရေဒါစခန်းတည်ဆောက်မှု စလိုဗက်ကီးယားနိုင်ငံက ဆန့်ကျင်

ပရာဟာ မတ် ၃၁

ချက်နိုင်ငံ နယ်မြေအတွင်း၌ အမေရိကန်ရေဒါစခန်း တည်ဆောက်ခြင်းကို စလိုဗက်ကီးယားနိုင်ငံက ဆန့်ကျင်ကြောင်း ဝန်ကြီးချုပ် ရောဘတ်ဖီကိုက ချက်တယ်လီဗွီးရှင်း(စီတီ)သို့ တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမေရိကန်၏ ဒုံးပျံ ကာကွယ်ရေး စီမံချက်သည် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)ကို ခွဲခြားပစ်လိုက်ကြောင်း ဖီကိုက ပြောသည်။ ထိုအစီအစဉ်သည် အပြည့်အဝ တိုးတက်မှု မရှိကြောင်းနှင့် ယုံကြည်စိတ်ချရသော စနစ်တစ်ခု မဟုတ်ကြောင်း ဆက်လက်ပြောကြားသည်။

ရေဝှံနှုတ်ပိတ်

ဥရောပ နိုင်ငံများတွင် နိုင်ငံခြားတပ်များ လာရောက်စခန်းချထားခြင်းကို ဥရောပက ရေဝှံနှုတ်ပိတ်နေခြင်းသည် မနှစ်မြို့စရာ ကိစ္စတစ်ခုဖြစ်သည်။ ချက်နှင့်စလိုဗက်နယ်မြေများမှ ရုရှားတပ်ဖွဲ့များ ထွက်ခွာသွားခြင်းကို ဥရောပနိုင်ငံများက ဝမ်းမြောက်ဝမ်းသာရှိကြသော်လည်း ဥရောပအလယ်ပိုင်းတွင် ဒုံးပျံကာကွယ်ရေး စနစ်စခန်းချထားခြင်းကို ဥရောပသမဂ္ဂကသဘောတူသည့်ကိစ္စအား နားမလည်နိုင်ကြောင်း ဖီကိုက ပြောကြားသည်။

ဒုံးပျံကာကွယ်ရေး စနစ်ကို စလိုဗက်ကီးယားတွင် တပ်ဆင်ရန် မေတ္တာရပ်ခံလျှင် စလိုဗက်ကီးယားနိုင်ငံ၏ သဘောသာဖြစ်ကြောင်း၊ စလိုဗက်ကီးယား နိုင်ငံက သဘောတူမည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုသည် ချက်နိုင်ငံ မြို့တော် ပရာဟာမှ အနောက်တောင်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ဘာရီခရိုင်တွင် ရေဒါစခန်းတစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ယူကရိန်းနိုင်ငံ မြို့တော် ကီယက်ဗ်သို့ အမေရိကန်သမ္မတဘုရှ် လာရောက်လည်ပတ်သည်ကို ကန့်ကွက်ဆန္ဒပြနေသူအချို့အား မတ် ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန် ဝန်ကြီးချုပ် ပါလီမန်တွင် အတိုက်အခံတို့၏ ထောက်ခံမှုရရှိ

အစ္စလမ္မာဘတ် မတ် ၃၁

ပါကစ္စတန်ဝန်ကြီးချုပ် ယူစွတ်ရာဇာဂီလာနီသည် ပါလီမန်မှ ယုံကြည်မှု မဲများကို စနေနေ့က ရရှိလိုက်ပြီး အတိုက်အခံအုပ်စုများက ၎င်းအား ထောက်ခံကြောင်း ကြေညာခဲ့သည်။ ပါလီမန်လွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အပေါ် ယုံကြည်မှုအဆိုကို တင်သွင်းရာ ပါကစ္စတန်အဓိကအတိုက်အခံအုပ်စု ပါကစ္စတန် မွတ်ဆလင်အဖွဲ့-ကျူ (ပီအမ်အယ်လ်-ကျူ)နှင့် အခြားအုပ်စုငယ်များကလည်း ထောက်ခံသည်။

ကျင်းပ

ဝန်ကြီးချုပ်အသစ်အား ပါလီမန်၏ သုံးပုံနှစ်ပုံကျော်က ယုံကြည်ကြောင်း ပြသရန်အတွက် အမတ်ဦးရေ ၃၄၂ ဦးရှိသော အောက်လွှတ်တော် အစည်းအဝေးကို ၁၃ ရက်အတွင်းမှာ ကျင်းပရခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

လန်ဒန်တွင် ရဲကားတိုက်၍ အမျိုးသမီး တစ်ဦးသေဆုံး

လန်ဒန် မတ် ၃၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့လယ်တွင် ကားတစ်စီးနောက်သို့ လိုက်နေသော ရဲကားတစ်စီးသည် အခြားကားတစ်စီးကို တိုက်မိရာ ထိုကားပေါ်မှ အမျိုးသမီး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမှတ်အသားမပါသော ရဲကားသည် မာစီဒီးတစ်စီးနောက်သို့ လိုက်နေစဉ် အမျိုးသမီးတစ်ဦး မောင်းနှင်လာသော ဘောက်(စ်)ဟောကော်ဆာ ကားတစ်စီးကို နံနက် ၃ နာရီခွဲကျော်တွင် ဝင်တိုက်မိခြင်းဖြစ်ကြောင်း မြို့တော်ရဲဌာနက ပြောကြားသည်။

အဆိုပါအမျိုးသမီး၏ ကားပေါ်တွင် အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦး ပါလာရာ နှစ်ဦးစလုံးသည် စိုးရိမ်ရသောအခြေအနေရှိပြီး ဆေးရုံတင်ထားရကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်သည်ဆိုသော ဒိုင်အောက်ဆင်း ဓာတ်ပစ္စည်းများပါဝင်သည့်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မတင်သွင်းရန် ပိတ်ပင်ခြင်းခံထားရသော အီတလီနိုင်ငံထုတ် ပိဇာရီလာဒိန်ခဲထုပ်များကို မတ် ၃၁ ရက်က ပြင်သစ်နိုင်ငံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားတွင် ဝမ်းရောဂါဖြစ်၊ ၅၀ သေဆုံး

လေဂို့စ် မတ် ၃၁

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း ဗင်းနျူးပြည်နယ်တွင် မတ် ၂၀ ရက် က ဝမ်းရောဂါဖြစ်ပွားရာ ရက်သတ္တပတ် ကုန်ဆုံးချိန်အထိ သေဆုံးသူ အနည်းဆုံး ၅၀ ရှိကြောင်း ဂါဒီယန်သတင်းစာက မတ် ၃၁ ရက်တွင် ဖော်ပြသည်။

ပြည်နယ်မြို့တော် မာကိုဒီနှင့် အိုတတ်ပိုမြို့တို့သည် ရောဂါဖြစ်ပွားမှု အများဆုံးနေရာများဖြစ်ပြီး ဂူဟနှင့် အိုဘီဒေသများသို့ ပျံ့နှံ့ခဲ့ကြောင်း သိရသည်။ သေဆုံးမှု ပိုမိုများပြားလာသောကြောင့် မာကာဒီမြို့၏ မြောက်ဘက်ပိုင်း အထူးသဖြင့် ဗင်းနျူးမြစ်နှင့်နီးသော နယ်စပ်ဒေသများတွင် ဝမ်းရောဂါ ဖြစ်ပွားမှုကို ကြောက်ရွံ့ထိတ်လန့်မှုများ ပျံ့နှံ့လျက်ရှိသည်။

ဗင်းနျူးပြည်နယ် ကျန်းမာရေးဌာန အကြီးအကဲ ဂျာဒီယပ်အီရူးဆီက ဗင်းနျူးမြစ်မှ မသန့်ရှင်းသော ရေများကို သုံးစွဲခြင်းကြောင့် ဝမ်းရောဂါ ဖြစ်ရသည်ဟု ပြောကြားသည်။ အစိုးရသည် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်ဟု ၎င်းက ပြောကြားပြီး လူများကိုလည်း ရေကို ကျိုချက်သောက်ကြရန် မေတ္တာရပ်ခံထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တပ်ဖွဲ့များနှင့် တိုက်ခိုက်မှု ရပ်ဆိုင်းရန် ရှီးယိုက် ခေါင်းဆောင် အမိန့်ပေး

နာဂျတ်(အီရတ်) မတ် ၃၁

အီရတ်နိုင်ငံ ရှီးယိုက်ဘာသာရေးခေါင်းဆောင် မော့တာဒါအယ်ဆာဒါးသည် ၎င်း၏နောက်လိုက် လက်နက်ကိုင်များကို လမ်းများပေါ်မှ ဖယ်ရှားကြရန်နှင့် ဘာဆာရာနှင့် အခြားမြို့များတွင် အစိုးရတပ်ဖွဲ့များအား တိုက်ခိုက်ခြင်းကို ရပ်ဆိုင်းရန် တနင်္ဂနွေနေ့က အမိန့်ပေးလိုက်သည်။

ဆာဒါး၏လက်ထောက်များက သတင်းထောက်များသို့ပေးသော ကြေညာချက်တွင် အီရတ်လူမျိုးတို့၏ သွေးများယိုစီးမှုကို ရပ်တန့်ရန်၊ အီရတ်တို့၏ ညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းထားရန်၊ အီရတ်ပြည်သူတို့အတွင်း သိမ်းပိုက်ထားသူများနှင့် နောက်လိုက်များက အကြည်ညိုပျက်စေရန် လှုံ့ဆော်မှုအား အဆုံးသတ်စေရန် တာဝန်သိသော ဘာသာရေးခေါင်းဆောင်အနေဖြင့် ဘာဆာရာနှင့် အခြားဒေသများတွင် လက်နက်ကိုင်ဆောင်မှုအဆုံးသတ်ရေးကို တောင်းဆိုကြောင်း ဖော်ပြထားသည်။ အီရတ်အစိုးရတပ်ဖွဲ့များနှင့် ဆာဒါး၏ သစ္စာခံများအကြား ဘာဆာရာမြို့တွင် တိုက်ခိုက်လျက်ရှိရာ ခြောက်ရက်ကြာပြီးနောက် ပြီးဆုံးသွားပြီဖြစ်သည်။ တိုက်ပွဲများသည် အီရတ်နိုင်ငံတောင်ပိုင်းရှိမြို့များနှင့် ဘဂ္ဂဒက်အနီးဝန်းကျင် ရှိ မြို့များအထိ ပျံ့နှံ့သွားသည်။ *အမ်အင်အေ၊ ရိုက်တာ။*

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဆိုမာလီဈေးအမြောက်ပစ်ခံရ၍ သေဆုံးသူ ၃၀ အထိ ရှိလာ

မိုဂါဒစ်ရှူး မတ် ၃၁

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၏ ဈေးအတွင်းသို့ စနေနေ့က အမြောက်ဖြင့် ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသူများအနက် ရှစ်ဦးသည် ဆေးရုံတွင် တနင်္ဂနွေနေ့က သေဆုံးရာ စုစုပေါင်း သေဆုံးသူ ၃၀ ရှိသွားပြီဖြစ်ကြောင်း ဆေးရုံမှလာသောသတင်းများက ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့ မက်ဒီနာဆေးရုံတွင် တင်ထားသော ဒဏ်ရာရရှိသူများအနက် ခြောက်ဦးသေဆုံးပြီး ပြင်းထန်စွာ ဒဏ်ရာရရှိသူများမှာ ဆေးရုံတွင် ကုသဆဲဖြစ်ကြောင်း ၎င်းဆေးရုံက အတည်ပြုပြောဆိုသည်။

ဒေးနိုင်းဆေးရုံသို့ ဒဏ်ရာရသူ ၂၀ ရောက်လာရာ နှစ်ဦးမှာ တနင်္ဂနွေနေ့က သေဆုံးပြီး ၁၀ ဦးမှာ ဆက်လက်ကုသဆဲဖြစ်ကြောင်း ဆေးကျောင်းသားများက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကိုမိုရိုနိုင်ငံ အင်ဂျိုအန်ကျွန်းတွင် လုံခြုံရေးဆောင်ရွက်နေကြသော အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များကို မတ် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါမြစ်အတွင်း ငါးဖမ်းသင်္ဘောတိမ်းမှောက် လေးဦးပျောက်ဆုံးနေ

တိုရွန်တို မတ် ၃၁

ကနေဒါနိုင်ငံ၏ ရေခဲတမျှ အေးခဲသော စိန်လောရင့် ပင်လယ်ကွေ့အတွင်း မတ် ၂၉ ရက်က ငါးဖမ်းသင်္ဘောတိမ်းမှောက်မှု ဖြစ်ပွားသည်။ အဆိုပါ ဖြစ်ရပ်သည် ၂၀၀၈ ခုနှစ်အတွင်း ပထမဦးဆုံး ဖြစ်ရပ်ဖြစ်သည်။

၎င်းငါးဖမ်းသင်္ဘောပေါ် လိုက်ပါလာသော ရေလုပ်သား ခြောက်ဦးအနက် နှစ်ဦးကိုသာ ကယ်တင်နိုင်ခဲ့ပြီး ကျန်ရေလုပ်သား လေးဦးကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ အဆိုပါ ငါးဖမ်းသင်္ဘောသည် ၁၂ မီတာအရှည်ရှိ ရေခဲစိုင်ကြီးအား ဝင်ရောက်တိုက်မိရာမှ အရှိန်မထိန်းနိုင်ဖြစ်ကာ တိမ်းမှောက်ရခြင်းဖြစ်ကြောင်း ကနေဒါနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြို့ရှိ အစိမ်းရောင်ဒေသ စိန်ပြောင်းဖြင့် အပစ်ခံရ

ဘဂ္ဂဒက် ဧပြီ ၁

ရှီးယိုက်ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါးက ၎င်း၏နောက်လိုက်တပ်ဖွဲ့ဝင်များအား လက်နက်များ စုဆောင်းထားရန် ညွှန်ကြားပြီး နောက်တစ်ရက်တွင် ဘဂ္ဂဒက်မြို့တော်အလယ်ပိုင်းရှိ အစိမ်းရောင်ဒေသသို့ မတ် ၃၁ ရက်က စိန်ပြောင်းများဖြင့် အပစ်ခံရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

စိန်ပြောင်းကျည်များ အစိမ်းရောင်ဒေသသို့ နံနက် ၁၀နာရီတွင် ကျရောက်လာသည်ဟု အဆိုပါ ပြည်ထဲရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ဒေသသည် အမေရိကန်တပ်ဖွဲ့များ ထိန်းချုပ်ထားသဖြင့် ယင်းသို့ တိုက်ခိုက်မှုကြောင့် လူသေဆုံးမှု ရှိ၊ မရှိ သဲကွဲစွာ မသိရသေးပေ။

ယင်းဒေသသို့ စိန်ပြောင်းကျည် ငါးစင်းမှ ခြောက်စင်းအထိ ကျရောက်ခဲ့ပြီး မီးခိုးလုံးများ ကောင်းကင်ယံသို့ တက်သွားသည်ကိုမြင်ရသည်ဟု ဆင်ဟွာသတင်းထောက်တစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

ရှီးယိုက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါး၏ နောက်လိုက် တပ်ဖွဲ့ဝင်များနှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များအတွင်း ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူအများ သွေးချောင်းစီးမည့်အခြေအနေတစ်ရပ်သို့ ရောက်လုနီးနီးဖြစ်ခဲ့ရာမှ အယ်လ်ဆာဒါးက အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့ပြီး နောက်တစ်ရက်တွင် ယင်းသို့ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုတ်တရက်နှလုံးခုန်ရပ်သွားသူ၏ရင်ကို လက်ဖြင့်ဖိပေးခြင်းဖြင့် နှလုံးပြန်နိုးကာ အသက်ကယ်နိုင်

ပေကျင်း ဧပြီ ၁

လူတစ်ဦးသည် နှလုံးခုန်ရုတ်တရက် ရပ်သွားပါက ၎င်း၏ရင်ဘတ်ကို လက်ဖြင့် အကြိမ်ကြိမ်ဖိပေးခြင်းဖြင့်**(အပေါ်ပုံ)** နှလုံးပြန်နိုးလာစေကာ အသက်ကယ်တင်ပေးနိုင်ကြောင်း အမေရိကန်နှလုံးပညာရှင်များအသင်းက ဧပြီ ၁ရက်တွင် ပြောကြားသည်။

ဤနေရာတွင် လူနာသည် အသက်အရွယ်ကြီးသူဖြစ်ပါက ပါးစပ်ချင်းတေ့၍ လေမှုတ်သွင်းသည့်နည်းကို မသုံးဘဲ ရင်ကိုလက်ဖြင့်ဖိ၍ နှလုံးကို နှိုးပေးသောနည်းကို ကျင့်သုံးသင့်သည်ဟု ဆိုသည်။

ဖော်ပြပါနည်းလမ်းကို ယခင်က တစ်ကြိမ်မျှပင် အလေ့အကျင့် မပြုဖူးသည့်တိုင် လိုက်နာကျင့်သုံးနိုင်ကြောင်း ပညာရှင်များက ပြောကြားသည်။

အကယ်၍ လူတစ်ဦး သင့်ရှေ့၌ နှလုံးခုန်ရပ်၍လဲသွားလျှင် သူနာတင်ယာဉ်ကို အမြန်အကြောင်းကြားပြီး ဆေးဘက်ဆိုင်ရာ အကူအညီမရောက်လာမီ လူနာ၏ ရင်ကိုဖိ၍ နှလုံးပြန်နှိုးရန် ကြိုးစားသင့်ကြောင်း အကြံပြုထားသည်။

အမေရိကန်တွင် လူပေါင်း ၃၁၀၀၀၀ မျှ နှစ်စဉ် ရုတ်တရက် နှလုံးခုန်ရပ်သည့် အန္တရာယ်ကြုံကြရသည်။ ထိုလူဦးရေအနက် ဆေးရုံပြင်ပတွင် နှလုံးခုန်ရပ်သွားသူများ၏ ဖရာခိုင်နှုန်းမျှသာ အသက်ရှင်ကြသည်ကို တွေ့ရသည်ဟု ဆိုသည်။ အကယ်၍သာ ထိုလူနာများသည် ရင်ဘတ်ကိုဖိကာ နှလုံးနှိုးပေးမည့်သူ ရှိခဲ့လျှင် အသက်ရှင်နိုင်မည့် အခွင့်အလမ်း ပိုမို ရှိနိုင်သည်ဟု သုတေသီများက ပြောကြားသည်။ ***(အင်တာနက်)***

အမေရိကန်နိုင်ငံ နယူးယောက်မြို့လယ်ကောင်တွင် ယာဉ်အသွားအလာ ထူထပ်နေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။

[ယာဉ်သိပ်သည်းမှု သက်သာစေရန် မြို့လယ်ဒေသသို့ နံနက် ၆နာရီမှ ညနေ ၆ နာရီအတွင်း ဝင်ပါက မြို့ဝင်ကြေးငွေ ကောက်ခံသွားမည်ဟု နယူးယောက်မြို့တော်ဝန်က ပြောကြားသည်။] ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ပါကစ္စတန်အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

အစ္စလမ္မာဘတ် ဧပြီ ၁

ပါကစ္စတန်ဝန်ကြီးများသည် သမ္မတမူရှာရက်ဖ်၏ ရှေ့မှောက်တွင် တနင်္လာနေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။

တိုးချဲ့ခန့်ထား

ပါကစ္စတန်ဝန်ကြီး ၂၄ဦးက ညွန့်ပေါင်းအစိုးရသစ်၏ ပထမဆုံး အသုတ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုကြခြင်းဖြစ်ပြီး ဆက်လက်၍ ဝန်ကြီးများ တိုးမြှင့်ခန့်ထားသွားမည်ဖြစ်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ယုံကြည်မှုရှိသည့် အစိုးရအဖြစ် တညီတညွတ်တည်း စနေနေ့က ထောက်ခံမှု ရရှိခဲ့ပြီး အစိုးရသစ်၏ ရက် ၁၀၀ ဦးစားပေး လုပ်ငန်းအစီအစဉ်ကို ကြေညာခဲ့သည်။ ယင်းနောက် ပထမသုတ်အဖြစ် ဝန်ကြီးများ ကျမ်းသစ္စာ ကျိန်ဆိုခြင်းဖြစ်သည်။

ပါဝင်

ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) မှ ဂီလာနီကို အမျိုးသားလွှတ်တော် အစည်းအဝေးက မတ် ၂၄ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ပြီးနောက်တစ်ရက်တွင်ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ သို့ရာတွင် သဘောထား ကွဲလွဲမှုဖြစ်ပွားပြီးနောက် အစိုးရအဖွဲ့ ဖွဲ့စည်းရေးကိစ္စကို ရပ်ဆိုင်းထားခဲ့သည်။ ညွန့်ပေါင်းအစိုးရတွင် ပါကစ္စတန် မွတ်ဆလင်အဖွဲ့နာဝက် ၏ (ပီအမ်အယ်လ်အင်) နှင့် ပါတီငယ် နှစ်ခုတို့ ပါဝင်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျိုတိုသဘောတူညီချက် အမှတ်(၂) ဆိုင်ရာ ဆွေးနွေးပွဲ ဗန်ကောက်မြို့တွင် ကျင်းပ

ဗန်ကောက် ဧပြီ ၁

ရာသီဥတုပြောင်းလဲရေး ကျိုတိုသဘောတူစာချုပ်ကို အစားထိုးရေးဆွဲမည့် ရေရှည်လုပ်ငန်းစဉ် ဆိုင်ရာ ပထမဆုံး တရားဝင်ဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် တနင်္လာနေ့က ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း ရှိလူသားများက ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာကြီးက ရေရှည်တည်တံ့ပြီး စီးပွားရေးအရ အလားအလာရှိစေမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မျှော်လင့်စောင့်စားနေကြကြောင်း နိုင်ငံပေါင်း ၁၉၀ မှ ကိုယ်စားလှယ် ၁၀၀၀ ခန့်တက်ရောက်သည့် ဖော်ပြပါ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

ကျိုတိုစာချုပ်အစားထိုးရန်အတွက် ညှိနှိုင်းမှုများစတင်ရန် ဘာလီတွင် လွန်ခဲ့သည့်နှစ်က သဘောတူညီမှုရရှိခဲ့ရာမှ ယင်းသို့ ရက်သတ္တပတ်ကြာ ဆွေးနွေးပွဲကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

မြောက်ကိုရီးယားအပေါ် လေကြောင်းမှ ထောက်လှမ်းမှု အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပြုလုပ်ဟုစွပ်စွဲ

ပြုံယမ်း ဧပြီ ၁

အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံအပေါ် လေကြောင်းမှ လျှို့ဝှက်ထောက်လှမ်းမှု အကြိမ် ၂၀၀ ကျော် ပြုလုပ်ခဲ့သည်ဟု မြောက်ကိုရီးယားတို့က စွပ်စွဲခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းဌာနက ထုတ်ပြန်သည်။ အမေရိကန်တို့သည် မြောက်ကိုရီးယားကိုဆန့်ကျင်၍ ကောင်းကင်မှ လျှို့ဝှက်သတင်းထောက်လှမ်းရာတွင် အကြိမ်ပေါင်း ၁၁၀ ကျော် ကျူးလွန်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံက အနည်းဆုံး အကြိမ် ၉၀ခန့် ကျူးလွန်ခဲ့သည်ဟု စစ်ဘက်ဆိုင်ရာမှ ထွက်ပေါ်လာသည့်သတင်းကို ကိုးကား၍ ဖော်ပြသည်။

ဖေဖော်ဝါရီလအတွင်း၌ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပူးပေါင်းကာ မြောက်ကိုရီးယားနိုင်ငံအပေါ် လျှို့ဝှက်သတင်းထောက်လှမ်းမှု အကြိမ်ပေါင်း ၁၇၀ ကျော် ပြုလုပ်ခဲ့သည်ဟု ကိုရီးယား ဗဟိုသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကနေဒါနိုင်ငံတွင် ဖျံဖမ်းရာသီချိန် ကျရောက်လာသဖြင့် ဖျံလိုက်မုဆိုးတစ်ဦး ကိပ်ဘရီတန်ကျွန်းတွင် ဖျံဖမ်းနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်မှုဖြစ်ပွား၊ ၁၀ဦး ဒဏ်ရာရရှိ

ဗန်ကောက် ဧပြီ ၁

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ မတ် ၃၁ရက်တွင် သောင်းကျန်းသူများက ပြင်းထန်သော ဗုံးတစ်လုံး ဖောက်ခွဲခဲ့ရာ တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အရပ်သား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရာရန်ခရိုင်အတွင်း၌နံနက် ၈နာရီခွဲခန့်တွင် ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူကသေနတ်ဖြင့် ပစ်ခတ်ရာ ရွာသားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် ဗုံးပေါက်ကွဲမှုဖြစ်ပွား ခဲ့ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ သတင်းက ဖော်ပြသည်။

အထူးတိုက်ခိုက်ရေးတပ်ဖွဲ့အမှတ် ၂၁ မှတပ်ဖွဲ့ဝင်ခြောက်ဦးသည်သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက်သွားနေရာ၌စစ်ဆေးနေစဉ်အတွင်း ဗုံးပေါက်ကွဲပြီး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ထို့ပြင်အခင်းဖြစ်ပွားရာအနီး၌ ရပ်ကြည့်နေသူများထဲမှလူငယ်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဖောက်ခွဲခဲ့

အဆိုပါဗုံးကို စစ်ဆေးမှုပြုလုပ်နေသောနေရာအနီးရှိသဲပုံထဲ၌မြှုပ်ထားပြီး အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံ တောင်ပိုင်းပြည်နယ်သုံးခုဖြစ်သော ပတ္တနီ၊ နာရာသီဝပ်နှင့် ယာလာပြည်နယ်တို့တွင် ၂၀၀၄ ခုနှစ်ကတည်းက သောင်းကျန်းသူများ၏ ဆူပူမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး သေဆုံးသူပေါင်း ၃၀၀၀ ကျော်ရှိသွားပြီဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

တစ်စိတ်ဝမ်း တစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှရယူကြ

ဥပတ္ထမ္ဘကတစ်ဦး

ဆွမ်းဆန်စိမ်းလောင်းလှူ

သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အပြီး ဘွဲ့ခံ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။

(ယမန်နေ့မှအဆက်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ကို ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် (၂၄-၁၀-၁၉၉၁) ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုအမိန့်ကြော်ငြာစာအရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ရဟန်းသံဃာတော်များအား လက်ရှိ ဆက်ကပ်လှူဒါန်းလျက်ရှိသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်များအပြင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတည်းဟူသော သာသနာတော်သုံးရပ် တိုးတက်ပြန့်ပွား စည်ပင်စေရန် ဂန္ထဓုရ-ပရိယတ္တိဝန်ဆောင်စာချ ဆရာတော်များ၊ ဝိပဿနာဓုရ-ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်းပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ပြဋ္ဌာန်းခဲ့ပါသည်။

ထိုဘွဲ့တံဆိပ်တော်များမှာ စာချဆရာတော်ဘွဲ့တံဆိပ်တော် သုံးမျိုး၊ ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ်သုံးမျိုး၊ ဓမ္မကထိက ဘွဲ့တံဆိပ်နှစ်မျိုး၊ သာသနာပြုဘွဲ့တံဆိပ်လေးမျိုး၊ အမျိုးသား သာသနာနုဂ္ဂဟဘွဲ့တံဆိပ် လေးမျိုး၊ အမျိုးသမီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်လေးမျိုးတို့ဖြစ်၍ ဂုဏ်အင်္ဂါအရည်အချင်းများကိုလည်း အသီးအသီး သတ်မှတ်ခဲ့ပါသည်။

သာသနာတော် အကျိုးကို ကြိုးကြိုးစားစား သယ်ပိုးထမ်းဆောင်တော်မူကြသော ဆရာတော် သံဃာတော်မထေရ်မြတ်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဥပါသကာ၊ ဥပါသိကာမများသည် ဂုဏ်ကျေးဇူးကြီးမားလှပါပေသည်။ သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးကို မဆုတ်မနစ် အားအသစ်အသစ် တိုးမြှင့်ကြိုးပမ်းအားထုတ်ကြပါပေသည်။

ရတနာဟူသည်မှာ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေ၍ အဖိုးများစွာထိုက်တန်ပြီး ရခဲလှသော သဘောရှိပါသည်။ လောကီရတနာများထက် လောကုတ္တရာရတနာများက မနှိုင်းယှဉ်သာအောင် ပိုမို၍ အဖိုးထိုက်တန်လှပါသည်။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့သည်ကား အမြတ်ဆုံးသော ရတနာများပင်ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်တို့သည် သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ သုတဗုဒ္ဓဟူ၍ လေးမျိုးရှိကြောင်း ကျမ်းဂန်များတွင် ဖော်ပြထားပါသည်။ ပိဋကသုံးတန်ကျမ်းဂန်များ၌ ဗဟုသုတအကြားအသိအမြင် အလွန်များ၍ ပညာရှိသော သံဃာတော်များသည် သုတဗုဒ္ဓအရာ၌တည်သော ဘုရား ရတနာများပင်ဖြစ်ပါသည်။ ဓမ္မရတနာများ ကိန်းဝပ်ရာ အပူဇော်ခံထိုက်သော ဓမ္မစေတီများလည်း ဖြစ်ပါပေသည်။

ဓမ္မရတနာကို ဆောင်ထားတော်မူကြသော ပုဂ္ဂိုလ်မြတ်များကို ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်း၊ အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်းသည် တရားတော်အား ပူဇော်ခြင်း၊ ဓမ္မပူဇာကောင်းမှုပြုသည် မည်ပါပေသည်။ တစ်နည်းအားဖြင့် ဓမ္မရတနာဖြစ်သော သာသနာတော်မြတ်ကြီးကို သန့်ရှင်းစင်ကြယ်အောင်၊ စည်ပင်ထွန်းကား ပြန့်ပွားအောင် စောင့်ရှောက်ခြင်းလည်း မည်ပါပေသည်။

ထို့ကြောင့်ပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို တိုးမြှင့်၍ နှစ်စဉ်မပြတ် လှူဒါန်းပူဇော်ခဲ့ရာ ယခုနှစ်တွင်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ကို ထုတ်ပြန်ကြေညာပြီး အောက်ဖော်ပြပါအတိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လှူဒါန်းခဲ့ပါသည်-

- **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၃ ပါး**
- **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆ ပါး**
- **အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၂၈ ပါး**
- **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၄ ပါး**
- **မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၀ ပါး**
- **မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၄ ပါး**
- **မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ၂ ဦး**
- **သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၉ ပါး**
- **သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၂ ပါး**
- **သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် ၁ ဦး**
- **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ၄၅ ပါး**
- **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၄ ပါး**
- **မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅၂ ပါး**
- **မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၃ ပါး**
- **ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၅၉ ပါး**
- **ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၇ ပါး**
- **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၉ ပါး**
- **မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော် ၁၄ ပါး**
- **ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၈ ပါး**
- **မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁ ပါး**
- **ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရဆရာတော် ၇ ပါး**
- **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၆ ဦး**
- **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၆ ဦး**
- **သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၃ ဦး**
- **သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၅ ဦး**
- **သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၃ ဦး**
- **သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၂ ဦး**
- **သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အမျိုးသား ၂၄ ဦး**
- **သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၃၁ ဦး**

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်(၄၃၈)ဦးဖြစ်ပါသည်။ ထို (၄၃၈)ဦးတွင် ပြည်ပမှ ဆရာတော် (၉)ပါး၊ သီလရှင် (၁)ပါး၊ လူပုဂ္ဂိုလ် (၁)ဦးပါ ရှိပါသည်။

လူတို့လိုက်နာ ကျင့်ကြံအားထုတ်အပ်သော ကောင်းကျိုးတရားများ ရရှိစေနိုင်သည့် မင်္ဂလာတရားတော်များတွင် ပူဇာစပူဇနေယျ-ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။ ပူဇော်ထိုက်သူ မှန်သမျှကို ဓမ္မပူဇာ၊ အာမိသပူဇာတို့ဖြင့် ပူဇော်ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ ဝမ်းမြောက်စကား ပြောကြားခြင်း၊ အရိုအသေပြုခြင်းတို့သည် ပြုကျင့်သင့်သောကောင်းမှု ကုသိုလ်ဖြစ်ပါသည်။ ပစ္စုပ္ပန်ရော သံသရာမှာပါ ကြီးပွားရာကြီးပွားကြောင်း ကောင်းမြတ်သော အမှုအလုပ်ဖြစ်ပါသည်။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးရပ်ခိုင်ခိုင်ခံ့ခံ့ရှိသော တိရဂုဏ်နှင့် ပြည့်စုံသည့် မထေရ်မြတ်များ၊ ကြာမြင့်စွာသော ကာလက ရှင်ရဟန်းဖြစ်တော်မူကုန်သော၊ တစ်နည်းအားဖြင့် အသက်သိက္ခာကြီးတော်မူကုန်သော၊ ရတ္တညုမထေရ်ကြီးများ၊ သံဃာတော်များ၏ဖခင်သဖွယ်ဖြစ်ကြကုန်သော၊ သံဃာတော်များ၏ အကြီးအမှူးဖြစ်ကုန်သော မထေရ်မြတ်ကြီးများကို အရိုအသေ၊ အလေးအမြတ်ပြုကုန်သည်ဖြစ်အံ့၊ မြတ်နိုးပူဇော်ကြကုန်သည်ဖြစ်အံ့၊ ထိုသို့သော အမှုကိစ္စကို ပြုနေသမျှ၊ ဆောင်ရွက်နေသမျှကာလပတ်လုံး သာသနာတော်ထမ်း ရှင်ရဟန်းတို့ ကြီးပွားကြောင်းသာဖြစ်၏။ သာသနာတော် အရှည်တည်တံ့စေရန် အကျင့်ကောင်းတစ်ခုဖြစ်၏ ဟူ၍ သိရှိမှတ်သားရပါသည်။

ထို့ကြောင့်ပင် နိုင်ငံတော်၌ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားထွန်းကားတိုးတက်ရေးတို့အတွက် ကောင်းစွာကျင့်ကြံအားထုတ်နေကြသော သာသနာပြုပုဂ္ဂိုလ်တို့အား ပူဇော်ခြင်း၊ စောင့်ရှောက်ခြင်း၊ ချီးမြှောက်ခြင်း၊ အားပေးပြုစုခြင်း စသည်များ ဆောင်ရွက်နေသမျှ တိုင်းပြည်နှင့် လူမျိုးသည်လည်းကောင်း၊ သာသနာတော်မြတ်ကြီးသည်လည်းကောင်း ကြီးပွားတိုးတက်နေမည်သာ ဖြစ်ပါသည်။ အမြတ်ဆုံး ရတနာသုံးပါးတို့နှင့် သန့်ရှင်းထွန်းတောက်နေသော နိုင်ငံတော်ကြီးသည် ရတနာသုံးပါးတို့၏ အဖိုးမဖြတ်နိုင်သော ဂုဏ်ကျေးဇူးတို့ကြောင့် အဖျက်ဘေးရန် အန္တရာယ်အနှောင့်အယှက်များ ကင်းငြိမ်းလျက် အေးချမ်းသာယာ ထွန်းကားတိုးတက်မည်မှာ အမှန်ဖြစ်ကြောင်း ယုံကြည်ထားပါသည်။ အမြတ်ဆုံးဖြစ်သော ရတနာများကို ပူဇော်လေ့ရှိသူများမှာ အမြတ်ဆုံးသော ကောင်းမှု အဂ္ဂပုညရှင်များဖြစ်၍ အမြတ်ဆုံးသော ကောင်းကျိုးအဂ္ဂဝိပါကများသာ အကျိုးပေးမည်မှာ ဧကန်စင်စစ်ဖြစ်ပါပေသည်။

ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနားကို (၁၃၆၉ခုနှစ်၊ တပေါင်းလပြည့်) ၂၀၀၈ခုနှစ်၊ မတ်လ ၂၁ရက်၊ သောကြာနေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားကြီးပြီးသည်နှင့် တစ်ဆက်တည်းမှာပင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကိုလည်း ကျင်းပခဲ့ပါသည်။

သာသနာတော်မည်သည် သာသနာတော်ကို ကြည်ညိုသော မင်းအစိုးရတို့အား အမှီပြု၍ တည်တံ့ပြန့်ပွားသည်ဟု ဟောမိန့်ထားပါသည်။ သာသနာပြု အစိုးရမင်းတို့၏ ဦးဆောင်မှုဖြင့် ပြည်သူပြည်သား စေတနာရှင်များကလည်း ယုံကြည်မှု၊ ကြည်ညိုမှု၊ သဒ္ဓါတရား၊ နှိုးဆော်တိုက်တွန်းအားထည့်မှု စေတနာတရားတို့တွင် လေးနက်မှု၊ ထက်မြက်မှု၊ သန်စွမ်းမှုအားအရှိန် အဓိပတိတပ်လျက် ကုသိုလ်ကောင်းမှုပြုကြသဖြင့် အကျိုးပေးမှုသည်လည်း ထက်သန်လှမည်ပင် ဖြစ်ပါသည်။ ကုသိုလ်ရှင် ပြည်သူအများသည် ကုသိုလ်လုပ်ငန်းများကို မရောင့်ရဲနိုင်လောက်အောင်ပင် ကုသိုလ်အထုပျားနှယ်စုလျက် အထပ်ထပ်ပြုကြရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် နိုင်ငံတော်က ဦးဆောင်ကာ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါး သာသနာတော်ပူဇော်ပွဲကြီး ကျင်းပလျက် ပစ္စယဓမ္မနှစ်ဝ ကုသိုလ်ပြုကြရာတွင် မထေရ်သံဃာ ဒါယကာပြည်သူများသည် နိဗ္ဗာန်ရောက်သည်အထိ အမြတ်ဆုံးသောကောင်းမှု၏အကျိုး ရရှိခံစားနိုင်ရေးအတွက် တစ်စိတ်ဝမ်း တစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှ ရယူကာ တက်ကြွရွှင်လန်းလှူဒါန်းပူဇော်သင့်ကြပါသည်။ ။

အမြတ်ဆုံး ရတနာသုံးပါးတို့နှင့် သန့်ရှင်းထွန်းတောက်နေသော နိုင်ငံတော်ကြီးသည် ရတနာသုံးပါးတို့၏ အဖိုးမဖြတ်နိုင်သော ဂုဏ်ကျေးဇူးတို့ကြောင့် အဖျက်ဘေးရန် အန္တရာယ်အနှောင့်အယှက်များ ကင်းငြိမ်းလျက် အေးချမ်းသာယာ ထွန်းကားတိုးတက်မည်မှာ အမှန်ဖြစ်ကြောင်း ယုံကြည်ထားပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊စစ်သံရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

လက်ဆောင်ပစ္စည်းများပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် မိသားစုများအား လိုအပ်သည်များကို တွေ့ဆုံမှာကြားရန်တို့အတွက် ခေတ္တတည်းခိုရာ Don Chan Palace Hotelမှ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်သို့ ထွက်ခွာလာခဲ့ရာ မြန်မာသံအမတ်ကြီးနေအိမ်သို့ မတ် ၂၉ရက် ညနေ ၆နာရီ မိနစ် ၄၀တွင် ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဇနီး ဒေါ်နန်းအေးစံ၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့် ဇနီး ဒေါ်မြမြစန်းနှင့် သံရုံးဝန်ထမ်းများ၊ သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံသံရုံး၊ စစ်သံမှူးရုံးနှင့် သံအမတ်နေအိမ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဂါရဝပြုကြ

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်အား သံအမတ်ကြီးဦးညွန့်လှိုင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် အစဉ်တစိုက်ဆက်ဆံရေးကောင်းမွန်ပြီး ချစ်ခင်ရင်းနှီးစွာနေထိုင်လာကြသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း။

သံရုံးမိသားစုများအနေဖြင့် မိမိတို့နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲတိုးတက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အမြဲဦးထိပ်ပန်ဆင်ဆောင်ရွက်သွားကြရန်မှာကြားသည်။ ဆက်လက်၍ နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ မိမိတို့အနေဖြင့် နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ရယူလိုက်ရသည့် အချိန်မှစ၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး အခြေခံကောင်းများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏ စီးပွားဖြစ်ထွန်းမှုနှင့် တိုင်းရင်းသားချစ်ခင်စည်းလုံးမှုများကို ရေရှည်အထောက်အကူဖြစ်စေမည့် လေယာဉ်ကွင်း၊ လမ်း၊ တံတား ဆည်မြောင်း၊ တာတမံများစွာကို နိုင်ငံတစ်နံတစ်လျားတွင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကလိုအပ်သည့် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဒေသအသီးသီးတွင် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက်လည်း အခြေခံကျောင်းများ၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များ၊ ဆေးရုံ၊ ဆေးပေးခန်းများကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီးဖြစ်ရာ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမျိုးသားညီလာခံမှ စနစ်တကျ ဆွေးနွေးချမှတ်ခဲ့သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဥပဒေပညာရှင်များက စနစ်တကျရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လာမည့် မေလတွင် ပြည်သူ့ဆန္ဒနှင့် အညီအတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် အစီအစဉ်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့မိမိတို့ ပြည်သူ့ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအတွက် မဟုတ်ဘဲ မိမိတို့နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံးအတွက် ရသင့်ရထိုက်သည့် အခွင့်အလမ်းများရရှိစေရန် မျှော်မှန်းရေးဆွဲထားသည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၊ လူမျိုး၊ ဓလေ့၊ စရိုက်လက္ခဏာ၊ ပကတိအရှိတရားများနှင့် ဆီလျော်ညီညွတ်အောင် ရေးဆွဲထားသည့် အခြေခံဥပဒေတစ်ရပ် ဖြစ်ကြောင်း။

ထို့ကြောင့် သံရုံး ဝန်ထမ်း မိသားစုများအနေဖြင့်လည်း နိုင်ငံတော်အတွက် အဓိကလိုအပ်နေသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ရှင်းလင်းပြောကြားသည်။

မှာကြား

ထို့နောက် စည်းကမ်းပိုင်းနှင့် စပ်လျဉ်း၍ ဆက်လက်ပြောကြားရာ၌ သံတမန်ဝန်ထမ်းများသည် မိမိတို့ရောက်ရှိ တာဝန်ထမ်းရွက်ကြသည့် နိုင်ငံများ၏ ဥပဒေ၊ စည်းကမ်းများကို လေးစားလိုက်နာ ဆောင်ရွက်ကြရန်၊ သံတမန်ကျင့်ဝတ်များနှင့်အညီ ကျင့်ကြံနေထိုင်ကြရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုး ဂုဏ်သိက္ခာ မြင့်မားတိုးတက်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော အဖွဲ့ဝင်များအားသံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ လူငယ်များဆွေးနွေးပွဲသို့ တက်ရောက်လာကြသောမြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ်များနှင့် သံရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခေတ္တတည်းခိုသည့် Don Chan Palace Hotel သို့ပြန်လည်ထွက်ခွာသည်။ (သတင်းစဉ်)

ဘိုကလေးမြို့ မြို့မဆွမ်းလောင်းအသင်းကြီး၌ ရဟန်း၊ရှင်သာမဏေ ၁၀၀၀ကျော်အား အရုဏ်ဆွမ်း လောင်းလှူ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်ကလေးတင့်အောင်တို့ ဘိုကလေးမြို့ ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၀ရက်တွင် ဘိုကလေးမြို့ မြို့မ ဆွမ်းလောင်းအသင်းကြီး၌ ရဟန်း၊ရှင်သာမဏေ(၁၀၀၀)ကျော်အား အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက မြို့မဆွမ်းလောင်းအသင်းကြီးအတွက် ငွေပဒေသာပင်ငွေကျပ် ၃၄၀၀၀၀ စိုက်ထူပေးသည်။

ထို့နောက် ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဗိုလ်ကလေးတင့်အောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး၊ စာပေနှင့် ဂီတပညာရှင်များနှင့် အလှူရှင်များက မီးစက်၊ မီးအားမြှင့်စက်၊ ကွန်ပျူတာတစ်စုံ၊ အလှူငွေကျပ် ၇၇သိန်းနှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဘိုကလေးမြို့အောင်သပြေ အခြေခံပညာ မူလတန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းနှင့် စစ်ကုန်းအခြေခံပညာ မူလတန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ရက်တွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်အခြေခံ လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး သစ်အခြေခံ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး အဖွင့်မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးကျင်းပမည့် အဆိုပါဟိုတယ်ရှိ Convention Hall Zone(B) သို့ သွားရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီ ၃၅ မိနစ်တွင် အဆိုပါဟိုတယ် ဒုတိယထပ်ရှိ Convention Hall Zone(B) ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးတွင် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကိုကူရိုဒါက တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ GMSအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က ဦးဆောင်၍ အခြေခံအဆောက်အအုံ ဆက်စပ်ယှက်နွယ်မှု တိုးမြှင့်ရေး၊ ယှဉ်ပြိုင်တိုးမြှင့်ရန် အဓိကအချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက ဦးဆောင်၍ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှ စီးပွားရေးလမ်းကြောင်းသို့ အကြောင်းအရာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ဦးဆောင်၍ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့နိုင်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲက ဦးဆောင်၍ ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက ဦးဆောင်၍ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဦးဆောင်၍ ယှဉ်ပြိုင်မှုစွမ်းအား တိုးမြှင့်ရေးတွင် ရေရှည်တည်တံ့မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှု အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးသဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၏ ဦးဆောင်ဆွေးနွေးသည်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးပြီး တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ တံခါးပိတ် ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၁၂နာရီ မိနစ်၂၀ တွင် အဆိုပါဟိုတယ်ရှိ Convention Hall Zon(A)၌ ကျင်းပသည့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း တောင်-မြောက် စီးပွားရေး စင်္ကြံလမ်းကြောင်း အပိုင်း(၃)ပြီးစီးမှုအခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း သတင်းအချက်အလက်အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁) ပြီးစီးမှုအခမ်းအနား၊ မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ၏ အစိုးရတို့ကိုယ်စား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားများနှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားများသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်-မြောက် စီးပွားရေးစင်္ကြံဖြစ်သည့် ဗန်ကောက်-ကူမင်း စင်္ကြံလမ်းရှိ လာအိုနိုင်ငံအတွင်း လမ်းပိုင်း လမ်းကြောင်း အပိုင်း(၃)ပြီးစီးမှု အထိမ်းအမှတ်ဖွင့်ပွဲကို ကျင်းပရာ လမ်းကြောင်းအပိုင်း(၃)နှင့် စပ်လျဉ်း၍ အခမ်းအနားမှူးက ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲနှင့်

အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူ
ခြင်း အထိမ်းအမှတ်ဖဲကြိုးကို ဖြတ်ပေး
ထို့နောက် မဟာမဲခေါင်ဒေသတွင်း၌
ရေး စူပါဟိုင်းဝေး ကွန်ရက်စီမံကိန်းအ
ဆက်လက်ကျင်းပသည်။
အခမ်းအနားတွင် အခမ်းအနားမှူးက
အချက်အလက်ဆက်သွယ်ရေး စူပါဟိုင်း
ပြီးစီးမှုနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်း
ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်း
ဆက်သွယ်ရေး စူပါဟိုင်းဝေး ကွန်ရက်
အကြောင်းအရာ၊ တည်ဆောက်မှု၊အရေးပါ
ရှင်းလင်းပြသသည်။
ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့
မဟာမဲခေါင်ဒေသအတွင်း သတင်းအချ
ကွန်ရက်အဆင့်(၁) ဆက်ကြောင်းပြလ
ဖွင့်လှစ်ပေးကြသည်။
ယင်းနောက် တရုတ်ပြည်သူ့သမ္မတ
ပေါင်က မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း
ကြောင်း ကွန်ရက်အဆင့်(၁)နှင့်စပ်လျဉ်း၍
ရှင်းလင်းပြောကြားသည်။
ထို့နောက် လာအိုပြည်သူ့ဒီမိုက
မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက ပြန်လည်သုံ
ရုပ်သိမ်းလိုက်သည်။
ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်း
ကိုယ်စား နားလည်မှုစာလွှာများ လက်မှ
မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ
ကြေညာချက် လက်မှတ်ရေးထိုးပွဲ များက
ရှေးဦးစွာ မဟာမဲခေါင်မြစ်ဝှမ်း
လျှပ်စစ်ဓာတ်အားကုန်သွယ်မှု အကောင်အ
မြေပုံဆိုင်ရာ နားလည်မှုစာလွှာကို ပြ
ကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွ
ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲခေါင်မြစ်ဝှမ်း
မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ
လက်မှတ်ရေးထိုးကြသည်။
ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်း
ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့
တိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်
တိုးမြှင့်ရေးသို့ ဦးတည်သည့် နားလည်
နိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံ
ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲ
ဝန်ကြီးများက မဟာမဲခေါင်မြစ်ဝှမ်းဒေသ
များရှေ့တွင် လက်မှတ်ရေးထိုးကြသည်
ယင်းနောက် တတိယအကြိမ် မဟ
များ ထိပ်သီးအစည်းအဝေး ပူးတွဲကြေည
အနားကို ဆက်လက်ကျင်းပသည်။
အဆိုပါလက်မှတ်ရေးထိုးပွဲတွင် နိုင်
မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်
မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ
ကြေညာချက်ကို လက်မှတ်ရေးထိုးကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်း တောင်-မြောက် စီးပွားရေးစင်္ကြံ ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် ယင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာဆောင်ရွက်မှုများ ထိရောက်မှုတိုးမြှင့်ရေးသို့ ဦးတည်သည့် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါတို့က အပိုင်း(၃)ပြီးစီးခြင်း အထိမ်းအမှတ်ဖဲကြိုးကို ဖြတ်ပေးကြသည်။

ထို့နောက် မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက်ဆက်သွယ်ရေး စူပါဟိုင်းဝေး ကွန်ရက်စီမံကိန်းအဆင့်(၁) ပြီးစီးမှုအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးက မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက်ဆက်သွယ်ရေး စူပါဟိုင်းဝေး ကွန်ရက်စီမံကိန်းအဆင့်(၁) ပြီးစီးမှုနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း၌ သတင်းအချက်အလက်ဆက်သွယ်ရေး စူပါဟိုင်းဝေး ကွန်ရက်စီမံကိန်းအဆင့်(၁)၏ နောက်ခံအကြောင်းအရာ၊ တည်ဆောက်မှု၊အရေးပါမှုနှင့် မျှော်မှန်းချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မြေပုံပေါ်ရှိ မဟာမဲခေါင်ဒေသအတွင်း သတင်းအချက်အလက် အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁) ဆက်ကြောင်းပြလမ်းကြောင်းကို မီးခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း သတင်းအချက်အလက်အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁)နှင့်စပ်လျဉ်း၍ ရှေ့အလားအလာနှင့် အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက ပြန်လည်သုံးသပ်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ၏ အစိုးရတို့ကိုယ်စား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲများနှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲများကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားကုန်သွယ်မှု အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လမ်းပြမြေပုံဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများက မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်း တောင်-မြောက် စီးပွားရေးစင်္ကြံ ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် ယင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများ ထိရောက်မှုတိုးမြှင့်ရေးသို့ ဦးတည်သည့် နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များရှေ့တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များသည် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

တတိယအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးက သဘောတူ ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်(Joint Summit Declaration) ၌ နိဒါန်းပိုင်းအပြင် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရှေ့စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အနာဂတ်ဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများ၊ မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်(၂၀၀၈-၂၀၁၂)နှင့် နိဂုံးအပိုင်းများ ပါဝင်သည်။

နိဒါန်းပိုင်းတွင် တတိယအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခေါင်းဆောင်များသည် ပထမနှင့် ဒုတိယအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတို့တွင်ချမှတ်ခဲ့သည့် အနာဂတ် မျှော်မှန်းချက်ဖြစ်သည့် မဲခေါင်ဒေသခွဲ ပေါင်းစည်းပြီး သာယာဝပြော၍ သာတူညီမျှမှုရှိသည့် ဒေသခွဲတစ်ခုဖြစ်ရန် ကတိကဝတ်များကို ထပ်မံ၍ ခိုင်မာပါစေကြောင်းနှင့် ပြည်သူများ၏ သာယာဝပြောရေးကို ပိုမိုမြှင့်တင်ပေးရန်အတွက် ပိုမိုရင်းနှီးစွာနှင့် အစွမ်းတမံ ဆက်လက်၍ အတူတကွဆောင်ရွက်ကြရန် ကတိကဝတ်ကို ထပ်မံဆုံးဖြတ်ကြကြောင်း ပါရှိသည်။

ထို့အပြင် မဲခေါင်ဒေသခွဲအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကြောင့် ခိုင်မာသည့် ရလဒ်ကောင်းများတိုးတက်ဖြစ်ပေါ်မှုအခြေအနေ၊ ရှေ့အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများနှင့် ၂၀၀၈မှ ၂၀၁၂ခုနှစ်အထိ (၅)နှစ်တာကာလအတွင်း ဆောင်ရွက်သွားမည့် မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်တို့ကို ဖော်ပြထားသည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

မီးခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့ မြေပုံပေါ်ရှိ မဟာမဲခေါင်ဒေသအတွင်း သတင်းအချက်အလက် အမြန်လမ်းကြောင်း ကွန်ရက်အဆင့်(၁) ဆက်ကြောင်းပြ လမ်းကြောင်းကို မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

ဂ့:ဝဝ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၇:၅၀ ၅။ တေးဂီတအစီအစဉ်
၈:၁၀ ၆။ **“အသက်ကလေးရယ်တဲ့ ရှည်စေလို” (ဦးအောင်လွင်၊ကြည်စိုး၊ မေထွဋ်ခေါင်၊ ငှက်ပျောကြော်၊ ထင်ပေါ်၊မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး) (ဒါရိုက်တာ-ကြည်စိုး)**
၈:၂၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၃၅ ၄။ သီချင်းကြီးပဒေသာ
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၅:၁၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၂၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ 733: Colourful System of River(Part-1) 734 Colourful System of River(Part-2)
၇:၁၀ ၁၂။ မြန်မာ့ရိုးရာလက်ဇွေ့
၇:၂၅ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၅၀ ၁၄။ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး ဆရာဒကာလက်တွဲ ညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း** “နှောင်ဖွဲ့ တွယ်ငင်တတ်သော” (လူမင်း၊အိန္ဒြာကျော်ဇင်၊ မျိုးစန္ဒီကျော်) **(ဒါရိုက်တာ-နေပိုင်)**
၁၉။ အစီအစဉ်ပြီး၏။

မီးစ်မီရှဲလ်စုဝမ်ချန်းအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရောဘတ်ဂျိုးဇက်(ဖ်) ဒေးဗစ်(စ်)၏နေရာတွင် မီးစ်မီရှဲလ်စုဝမ်ချန်းအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မီးစ်မီရှဲလ်စုဝမ်ချန်းသည် အယ်လ်ဒယ်လိတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ဩစတြေးလျအမျိုးသားတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်အဓိကဖြင့် မဟာဥပဒေဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ဖနောင်ပင်မြို့၊ ဟန္တိုင်းမြို့များရှိ ဩစတြေးလျသံရုံးများနှင့် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မီးစ်မီရှဲလ်စုဝမ်ချန်းသည် ၂၀၀၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ဂျကာတာမြို့ရှိ ဩစတြေးလျနိုင်ငံသံရုံးတွင် သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အရှေ့တောင်အာရှ (တောင်)နှင့် ဒေသဆိုင်ရာကိစ္စရပ်များဌာနခွဲ၌ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မီးစ်မီရှဲလ်စုဝမ်ချန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ကလေးတစ်ယောက်ရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာ GMS ပြခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ပြခန်းကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၁

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ အစည်းအဝေးပြခန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ဒုတိယထပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတက်ရောက်ပြီး ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ အစည်းအဝေး ကိုယ်စားလှယ်များ၊ လူငယ်ဖိုရမ်အဖွဲ့ဝင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့သည် စင်မြင့်ထက်၌ နေရာယူကြသည်။

ထို့နောက် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီး H.E. Madame Khempheng Pholsena နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. C. Lawrenee Greenwood, Jr တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံများမှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့သည် ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ပြခန်းတွင် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်း နိုင်ငံများမှ လူငယ်များ၏ My World My Home ခေါင်းစဉ်ဖြင့် ရေးဆွဲထားသည့် ပန်းချီကားများ၊ သဘာဝအခြေခံခရီးသွား ပိုစတာများ၊ GMS လူငယ်ဖိုရမ်အဖွဲ့၏ My Mekong အမည်ရှိ ဓာတ်ပုံပြခန်းများကို ပြသထားသည်။

ဝန်ကြီး ဦးစိုးသာသည် မတ် ၃၀ ရက် နံနက် ၉ နာရီတွင် Don Chan Palace Hotel ၌ ကျင်းပသည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် Don Chan Palace Hotel ၌ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီးက တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက် ဆွေးနွေးခဲ့သည်။(သတင်းစဉ်)

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ အစည်းအဝေးပြခန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့မှ ဝန်ကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့ နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာတွင် ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစုတို့သည် မတ် ၂၂ ရက်တွင် နွားထိုးကြီးမြို့ရှိ ရှေးဟောင်း သမိုင်းဝင် ရှင်ပင်သာဒွန်းဦးစေတီတော်မြတ်သို့ ရောက်ရှိကြပြီး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ စိတ္တသုခမော်ရုံ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ ဇနီးနှင့် မိသားစုတို့သည် ညပိုင်းတွင် လုံးတောကျေးရွာ ဆုတောင်းပြည့်မိုးကောင်းစေတီတော်ရှိ မြတ်စွာဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဧပြီ ၁ ရက်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉) ကျောင်းဆင်း နှစ်(၂၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အောင်ဘာလေထီဖွင့်

ရန်ကုန် ဧပြီ ၁

အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်–

ကျပ်သိန်း (၅၀၀)ဆု

ဖ–၂၇၈၁၁၈

ကျပ်သိန်း (၃၀၀) ဆုများ

ဝ–၃၀၆၄၄၁	စ–၈၉၈၀၅၃

ကျပ်သိန်း(၂၀၀) ဆုများ

က–၂၅၀၅၅၈	ဇ–၇၆၄၂၃၇
င–၅၇၁၇၉၁	ခ–၇၃၅၈၆၄

ကျပ်သိန်း (၁၀၀) ဆုများ

ဇ–၄၄၁၉၂၆	စ–၄၇၁၅၆၉
ဒ–၆၅၉၁၄၄	ထ–၅၄၆၄၆၆
ခ–၅၈၀၇၅၇	ဃ–၅၇၆၃၈၅
ရ–၇၈၆၆၈၄	လ–၁၃၁၅၉၃
ဃ–၄၄၂၀၈၈	ရ–၇၀၇၁၅၄
န–၈၂၃၃၀၆	တ–၉၃၀၄၈၃
ဗ–၄၂၇၅၇၈	သ–၄၈၉၁၅၂
ဖ–၁၈၈၉၃၀	ခ–၉၆၅၆၈၇
န–၂၆၁၃၀၆	အ–၆၅၆၆၄၀

ကျပ်သိန်း(၁၀၀) (မင်္ဂလာစုံတွဲ)

မ–၆၅၃၉၆၁	ဃ–၅၈၇၉၂၃
ဇ–၁၆၂၁၃၄	မ–၄၃၆၁၂၈
စ–၇၄၆၁၀၈	ဈ–၃၆၂၂၉၃
ဃ–၂၄၁၈၉၀	ဒ–၂၄၇၁၀၂
ဍ–၂၆၃၇၄၄	ဝ–၇၂၄၅၂၅
ခ–၁၅၄၃၃၅	ဖ–၉၄၂၂၂၆
က–၁၁၄၈၆၇	ဟ–၅၄၂၂၀၃
ထ–၅၇၃၀၀၃	ဘ–၆၈၂၅၉၉
ယ–၉၄၁၉၈၂	

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂–၄–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	“ဉာဏ်ချိန်ခွင်နှင့် ဓမ္မဒါသ”တရားတော် (ပြည်တွင်း၊ပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၅–၁း၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၃၅–၂း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၀–၃း၀၀	ဇင်းကျိုက်တောင်ပေါ်စေတီတော်မဟာအောင်ဗောဓိဟုခေါ်
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	(၃၃)ကြိမ်မြောက်နိုကာယ်သာသနာတော်ထွန်းကားရေးအသင်း စာအောင်ထူးချွန်ဘွဲ့ရ အရှင်မြတ်တို့အားပူဇော်ပွဲ
၉း၄၀–၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅–၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀–၃း၅၀	Midweek Sports News
၁၀း၀၅–၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀–၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅–၄း၁၅	လှပခန့်ထည်အလှဆင် ခေတ်မီတိုက်တာအသွင်
၁၀း၃၅–၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀–၄း၄၀	လှပသစ်ဆန်းအလှပြင်ခန်း (IMAGE Face & Body Care)
၁၁း၀၅–၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅–၅း၁၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “ဘရိတ်ကီလန်းတဲ့နန်းဆုသကြ်ိန်” ဗီဒီယိုဇာတ်ကားရိုက်ကွင်း အမှတ်တရ
၁၁း၃၀–၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅–၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀–၅း၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (European Style Set Menu)
၁၂း၀၅–၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀–၆း၁၀	A day With Aye Nan Lin (အေးနန်းလင်းနှင့်တစ်နေ့တာ)
၁၂း၂၅–၆း၂၅	International Video Topics (ဉာဏ်ကြီးရှင်ကြွက်များ)
၁၂း၄၅–၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀–၆း၅၀	ခေတ်မီလှပ မင်္ဂလာပရိဘောဂ
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League(Semi-Final) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Arsenal-Liverpool	ESPN(Live)
	Fenerbahce-Chelsea	Star Sports(Live)

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် လက်တွဲပူးပေါင်း ဆောင်ရွက်

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ်ကျေးသများကျေးရွာ၌ ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၂၉ရက်မှ ၃၁ရက်အထိ စစ်ကိုင်းတိုင်းမှ ရွာခရိုင် ပုလဲမြို့နယ်ရှိကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ်၂၉ရက် နံနက် ၈နာရီတွင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ချင်ပြစ်၊ ရွာကရင်းကုန်း၊ ပိတောက်ကုန်း၊ ကြာစီ၊မုံသွင်၊ လှိုင်း၊ကြူခြ်၊ ရွာနောင်၊ မရိုးတုန်း စသည့် ကျေးရွာ(၉)ရွာတို့မှ ဒေသခံပြည်သူ လေးထောင်ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာ အသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကဏ္ဍအသီးသီးတွင် ဘက်စုံထောင့်စုံ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို လက်တွေ့သိရှိခံစားနိုင်ကြပြီဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အားလျော်စွာဒေသအသီးသီးတွင်ဆည်မြောင်းတာတမံများ၊ မြစ်ရေတင် စီမံကိန်းများတိုးတက်ဖြစ်ပေါ်လာမှုကြောင့် ဒေသနေတောင်သူလယ်သမားများ လက်ငင်းခံစားနေရသည့် အကျိုးကျေးဇူးများ စသည်တို့ကို အကျယ်တဝင့် ဆွေးနွေး ရှင်းလင်းပြီး ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရက ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာများ၌ လိုအပ်နေသော ပညာရေး၊ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ချင်ပြစ်ကျေးရွာ အထက်တန်းကျောင်းခွဲ မွမ်းမံရန်အတွက် ငွေကျပ်(၇)သိန်း၊ ကြူခြ်ကျေးရွာ မူလတန်းကျောင်းအချောသတ်ရန်အတွက်ငွေကျပ်နှစ်သိန်းငါးသောင်း၊ မရိုးတုန်းကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်းငါးသောင်း၊ ပိတောက်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ် ၅သိန်း စုစုပေါင်း ငွေကျပ်(၁၇)သိန်းကိုလည်းကောင်း ၊ ကျေးလက်စာကြည့်တိုက်များအတွက်စာအုပ်စာတမ်းများ၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ပြည်သူများအတွက် အဝတ်အထည်၊ ဆပ်ပြာ၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ်ကျေးသများ ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကျေးသများ၊ မင်းမ(အရှေ့)၊မင်းမ(အနောက်)၊ ပုထိုးသာ၊ဇီးဖြူကုန်း၊ရွာသစ်၊အိုင်းရောင်း၊ ကံကြီး၊သီတင်း၊ဇီးရင်း၊ပုပ္ပား၊မောင်းတုံ၊ သင်တီးကန်၊ ကမ္ဘားရပ်၊ထီးလဲ စသည့် ကျေးရွာ ၁၅ ရွာမှ ဒေသခံပြည်သူ သုံးထောင်ကျော် တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာအသီးသီး မှတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ်တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရန်များကိုအကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာများ၌ လိုအပ်နေသော ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာတွင် ကျေးသများကျေးရွာ အလယ်တန်းကျောင်းခွဲ အဆောက်အအုံအတွက် ငွေကျပ်(၃)သိန်း၊ ကံကြီးကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်(၁)သိန်း၊ မင်းမ(အနောက်) ကျေးရွာ အလယ်တန်းကျောင်းခွဲအဆောက်အအုံအတွက် ငွေကျပ်(၁)သိန်း၊ ပုပ္ပါးကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်(၂)သိန်း၊ ရွာသစ်ကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်(၁)သိန်း၊ ပုထိုးသာကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်(၁)သိန်း စုစုပေါင်း ငွေကျပ်(၉)သိန်းကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးလက်ပြည်သူများအား ဆပ်ပြာ၊အဝတ်အထည်၊ စောင်များနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ဗဟိုအတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် မင်းမကျေးရွာအုပ်စုရှိ ဆံတော်ရှင် ဆုထူးပန်ဆုတောင်း ပြည့်ရွှေစည်ခုံကပ်ကျော်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ဆီမီး ဆက်ကပ်လှူဒါန်းပြီး ဆုထူးပန် ဆရာတော် နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ သာသနဇောတိကဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ပဏ္ဍိတအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညနေ ၃ နာရီတွင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ လက်တောင်းကြီး၊ ချောင်းကန်၊ သာယာကုန်း၊ ရိုး(တောင်)၊ ရိုး(မြောက်)၊ ကုက္ကိုစု၊ မုံကြိုင်း၊ မကျီးလှ စသည့် ကျေးရွာ(၈)ရွာတို့မှဒေသခံပြည်သူ တစ်ထောင်ကျော်တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာသော ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းမှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်းတည်ငြိမ် အေးချမ်းမှုကို အပြည့်အဝ ခံစားနေကြရပြီဖြစ်ကြောင်း၊ နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်မှုတို့၏ အသီးအပွင့်ကိုလည်း ကျေးလက်ပြည်သူများပါမကျန် လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း၊သို့ဖြစ်၍နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ ဆက်လက်ခိုင်မာဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော် အစိုးရနှင့်အတူပြည်သူတစ်ရပ်လုံးကဆက်လက်၍ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက်လက်တောင်းကြီးကျေးရွာ ကျေးလက်ဆေးခန်း အဆောက်အအုံအတွက် အလှူငွေကျပ်(၂)သိန်းကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကိုလည်းကောင်း၊ ဗလာစာအုပ်များ အဝတ်အထည်များနှင့်အသုံးအဆောင်များကိုလည်းကောင်း ဗဟိုအတွင်းရေးမှူးက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဗဟိုအတွင်းရေးမှူးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညပိုင်းတွင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ ပုလဲမြို့ပေါ်ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၌ ကျေးရွာကိုးရွာမှဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
၇း၅၅ ၈။ မြန်မာသကြၤန်
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ မြန်မာသကြၤန်
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မြန်မာသကြၤန်
၆း၃၀ ၁၄။ ကာတွန်းအစီအစဉ် - ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၅)
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ(အပိုင်း-၈၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ ယနေ့ညအတွက် မြဝတီ ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝဇာတ်ခုံ(အပိုင်း-၆)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ဗီယင်ကျန်းမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး Mr. Sitaheng Latsaphone ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မတ် ၃၁ ရက် ညနေ ၃နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် Don Chan Palace Hotel မှ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနဝန်ကြီး Mr.Sitaheng Latsaphone၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily A.SOUPHAKHETနှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ရောက်ရှိကြသည်။

(သတင်းစဉ်)

ယနေ့ဆောင်းပါးအညွှန်း

"ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာ သာသနာ ယဉ်ကျေးမှုကို တန်ဖိုးထား လေးစားတတ်ဖို့ အရေးကြီးလှသည်။ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ဆိုသည်မှာ ဤသည်ကိုပင် ခေါ်ပါ၏။"

တက္ကသိုလ်လှမောင်၏ **"သာသနာတော် အလင်းတန်းကြီးအား ပီတိအဟုန်ဖြင့် စုံဆယ်ဖြာ လက်ယှက်မိုး၍ ရှိခိုးဦးခိုက်ပူဇော်"** (ဆောင်းပါး) စာမျက်နှာ-၃

"နိုင်ငံတော်၌ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားထွန်းကားတိုးတက်ရေးတို့အတွက် ကောင်းစွာကျင့်ကြံ အားထုတ်နေကြသော သာသနာပြုပုဂ္ဂိုလ်တို့အား ပူဇော်ခြင်း၊ စောင့်ရှောက်ခြင်း၊ ချီးမြှောက်ခြင်း၊ အားပေးပြုစုခြင်း စသည်များ ဆောင်ရွက်နေသမျှ တိုင်းပြည်နှင့်လူမျိုးသည် လည်းကောင်း၊ သာသနာတော်မြတ်ကြီးသည် လည်းကောင်း ကြီးပွားတိုးတက်နေမည်သာ ဖြစ်ပါသည်။"

ဥပတ္ထမ္ဘကတစ်ဦး၏ **"တစ်စိတ်ဝမ်း တစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှရယူကြ"** (ဆောင်းပါး) စာမျက်နှာ-၆

မီးလောင်မှုဖြစ်ပွားမည့်နေရာကို ကြိုတင်မသိနိုင်ပါ။

ကြိုတင်သိ၍ ကြိုတင်လုပ်ကိုင်နိုင်သည်က မီးဘေးကာကွယ်ရေးဖြစ်သည်။

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဧပြီ ၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁-၄-၂၀၀၈

မုံရွာ	**၃၈ ဒီဂရီ စင်တီဂရိတ် (၁၀၀ဒီဂရီ ဖာရင်ဟိုက်)**
မန္တလေး	**၃၈ ဒီဂရီ စင်တီဂရိတ် (၁၀၀ဒီဂရီ ဖာရင်ဟိုက်)**
ညောင်ဦး	**၃၇ ဒီဂရီ စင်တီဂရိတ် (၉၈ဒီဂရီ ဖာရင်ဟိုက်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁-၄-၂၀၀၈

နေပြည်တော်	၀ ဒသမ ၁၂ လက်မ
ပြင်ဦးလွင်	၁ ဒသမ ၈၉ လက်မ
ဘားအံ	၁ ဒသမ ၄၆ လက်မ
သာယာဝတီ	၁ ဒသမ ၃၈ လက်မ
ခရမ်း	၁ ဒသမ ၃၄ လက်မ
ထားဝယ်	၁ ဒသမ ၂၂ လက်မ